★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ


# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၅၅/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၆)ရက်။




"××× မတရားသဖြင့် နိုင်ငံရေးအရ ဖမ်းဆီးမှုတွေကို ရပ်စဲစေချင်ရင်၊ ဖမ်းထားတဲ့ လူတွေကို လွှတ်ပေးစေချင်ရင် အားလုံးကနေ ဝိုင်းဝန်းပြီးတော့ လှုပ်ရှားမှုကို ထောက်ခံရမယ်။ ပြည်သူလူထုရဲ့ ညီညွတ်မှုအင်အားနဲ့ နောက်ကနေတွန်းအားပေးရမယ်။ အဲ့ဒီတော့ အဖွဲ့ချုပ်ကိုပဲ အဖွဲ့ချုပ်က ဘာလုပ်နေလဲလို့ မမေးပါနဲ့။ ကိုယ်ကိုကိုယ် ပြန်မေးပါ။ ကိုယ်ကရော ဘာလုပ်နေလဲ။ လူတိုင်းလူတိုင်းဟာ ဒီအရေးအခင်းနဲ့ပတ်သက်လို့ မတရားသဖြင့် နိုင်ငံရေးအရ ဖမ်းဆီးခံရသူတွေအတွက် ဘာလုပ်ပေးနေသလဲဆိုတာကို ကိုယ်ကိုလည်း ပြန်မေးကြပါလို့ ကျမ မေတ္တာရပ်ခံလိုပါတယ်။ ×××"

ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၁၆)ရက်ရှိသွားပါပြီ။

(၁၉၈၉ခုနှစ် ဧပြီလ ၂၇ရက်နေ့ မြစ်ကြီးနားမြို့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်သူလူထု အမေးအဖြေကဏ္ဍမှ ဖေါ်ပြပါသည်။)

## ယနေ့ သတင်းများ


၁။ မန္တလေးအဖွဲ့ချုပ်ဝင် လူငယ် [၃]ဦး ထပ်မံဖမ်းဆီးခံရ

၂။ ဗကသအဖွဲ့ဝင်တဦး အဖမ်းခံရမည့်အန္တရာယ်မှ လူထုအကူအညီကြောင့် လွတ်မြောက်သွားခဲ့

၃။ သရက်တောကျောင်းတိုက်ရှိ သံဃာတော်များက အာဏာပိုင်များ၏ လှူဒါန်းမှုကို လက်မခံကြ

၄။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်

၅။ ၂၀၀၇မျိုးဆက်သစ်များသို့ အမှန်တရားကို ဖော်ထုတ်ဖို့ ကျောင်းသား/ပြည်သူလက်တွဲစို့

၆။ မကျေနပ်တဲ့ပြည်သူများက ညီလာခံထောက်ခံပွဲကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆန့်ကျင်

၇။ မြန်မာပြည်အရေး ထိရောက်စွာအရေးယူ ဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ် သံဃာများ ကုလကို တိုက်တွန်း

၈။ သရက်မြို့နယ် မယကဥက္ကဌရဲ့အလှူငွေကို သမင်ဇာဆရာတော်ကြီးက လက်မခံ

၉။ မြန်မာနိုင်ငံအတွင်း ဆက်လက်ဖမ်းဆီးနေမှုများကို ချက်ချင်းရပ်ဆိုင်းရန် ကုလသမဂ္ဂတောင်းဆို

၁၀။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး လုပ်ဆောင်ပါက စီးပွားရေး အကူအညီများ ပေးမည်၊ ပြုပြင် ပြောင်းလဲရေးကို ငြင်းပယ်ပါက စီပွားရေး

၁၁။ စည်ပင်သာယာ နေ့စားဝန်ထမ်းများကို လုပ်အားခ တိုးပေးနေ

၁၂။ ကျောင်းသားများ သွေးချင်းဆက်၍ လှုပ်ရှားသွားမည်ဟု [၈၈]မျိုးဆက် ကျောင်းသားများ ပြောကြား


## မန္တလေးအဖွဲ့ချုပ်ဝင် လူငယ် [၃]ဦး ထပ်မံဖမ်းဆီးခံရ

*ဒီဗွီဘီ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

မနေ့ညပိုင်းက မန္တလေးအနောက်တောင်မြို့နယ် အဖွဲ့ချုပ်ဝင်လူငယ် (၃) ဦးကို အာဏာပိုင်တွေက ထပ်မံဖမ်းဆီးလိုက်ကြောင်း မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဝင်တဦးက ပြောပါတယ်။ အဖမ်းခံရသူတွေဟာ မန္တလေးအနောက်တောင်မြို့နယ် အဖွဲ့ချုပ်ဝင် လူငယ်တွေဖြစ်တဲ့ ကိုဝဏ္ဏအောင်၊ ကိုရဲမင်းဇော် ခေါ် ဖိုးဇော်နဲ့ ကိုစိုးခိုင်ဝင်းတို့ ဖြစ်ပါတယ်။ သူတို့ဟာ စစ်ကိုင်းမှာ သွားရောက်ရှောင်တိမ်းနေချိန် အခုလို ဖမ်းမိသွားတာ ဖြစ်ပါတယ်။ ဘယ်ကို ဖမ်းဆီးသွားတယ်ဆိုတာတော့ မသိရပါဘူး။ စက်တင်ဘာလ နောက်ဆုံးပတ် ဖမ်းဆီးမှုစာရင်းအရ မန္တလေးတိုင်းအဖွဲ့ချုပ်ဝင် (၄၁)ဦးရှိသွားပြီလို့ မန္တလေးတိုင်း အဖွဲ့ချုပ်ဝင်တွေက ပြောပါတယ်။ အဲဒီအထဲမှာ မန္တလေးတိုင်းစည်းရေးရုံးအဖွဲ့က (၆)ဦး၊ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်အဖွဲ့ချုပ်ဝင်တွေက (၃၅)ဦး ဖြစ်ပါတယ်။

ဖမ်းဆီးထိမ်းသိမ်းခံရတဲ့ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့က အမည်စာရင်းတွေကတော့ ဒု–ဥက္ကဌ ဦးသန်းလွင် (မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ အတွင်းရေးမှူး ဦးကံထွန်း၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်သန်း (ရမည်းသင်း မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဦးတင်အောင်အောင် (အနောက်မြောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အဖွဲ့ဝင်)၊ ဦးမျိုးနိုင် (အဖွဲ့ဝင်)၊ ဒေါ်ဝင်းမြမြ (အဖွဲ့ဝင်) အားလုံး (၆)ဦး ဖြစ်ပါတယ်။ မန္တလေးတိုင်းရှိ မြို့နယ်တွေက ဖမ်းဆီးခံနေရတဲ့ အဖွဲ့ချုပ်ဝင်တွေရဲ့ အမည်စာရင်းတွေကတော့ ကိုဇော်ဟိန်း (အတွင်းရေးမှူး၊ ပုသိမ်ကြီးမြို့နယ်)၊ ဦးမြင့်သန်း (တံတားဦးမြို့နယ်)၊ ဒေါက်တာလှအောင် (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဝမ်းတွင်း မြို့နယ်အဖွဲ့ချုပ် ဥက္ကဌ)၊ ဦးမြင့်ဋ္ဌေး (ဒု–ဥက္ကဌ၊ သာစည်မြို့နယ်)၊ ဒေါ် မြင့်မြင့်အေး (အတွင်းရေးမှူး၊ မိတ္ထီလာမြို့နယ်)၊ ကိုတင်ကို (မြို့နယ်စည်း၊ မိတ္ထီလာမြို့နယ်)၊ ကိုဇော်ဝင်း (အနောက်တောင်မြို့နယ်၊ တွဲဖက်အတွင်းရေးမှူး)၊ မစမ်းစမ်းအေး (မြို့နယ်စည်း အဖွဲ့ဝင်၊ အမျိုသမီးအဖွဲ့)၊ ဦးခင်မောင်သောင်း (ဒုဥက္ကဌ၊ အနောက်တောင်မြို့နယ်)၊ ဦးမြင့်စိုး (အတွင်းရေးမှူး အနောက်တောင်မြို့နယ်)၊ ဒေါက်တာဗထူး (ဒု–ဥက္ကဌ၊ ပြင်ဦးလွင်မြို့နယ်)။ ကျောက်ပန်းတောင်းမြို့နယ်၊ စည်းရုံးရေးအဖွဲ့ဝင် စာရင်းတွေကတော့ ဦးပေါ်အေး၊ ဦးစိန်လှိုင်၊

ဦးဝင်းဆွေ (မကြာခင်က သေဆုံး)၊ ဦးသန်းလွင်၊ ဦးရဲဌေး၊ ဦးမြတ်စိုး။ ညောင်ဦးမြို့နယ် စည်းအဖွဲ့ဝင် (၂) ဦး အမည်စုံစမ်းဆဲ။ ဦးဝင်းကို (အနောက် တောင်မြို့နယ်။ အဖွဲ့ချုပ်ဝင် လူငယ်)၊ ဦးမင်းသူ (မိုးကုတ်မြို့နယ်၊ စည်းအဖွဲ့ဝင်)၊ မပွင့်ဖြူ (အဖွဲ့ချုပ် အမျိုးသမီးအဖွဲ့)၊ ဒေါ်သင်းသင်း (မြို့နယ်စည်း အဖွဲ့ဝင်)၊ ဦးဘစိမ်း (မိုးကုတ်မြို့နယ်၊ ဦးစောလွင် (မန္တလေးတိုင်း – ဥက္ကဋ္ဌ)၊ မမာလာ (အရှေ့တောင်မြို့နယ်၊ အမျိုးသမီးအဖွဲ့)၊ လူ့ရွှင်တော် ဦးပါပါလေး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်)၊ ကိုအောင်အောင် (အနောက်တောင်မြို့နယ်၊ အဖွဲ့ချုပ်လူငယ်)၊ ဦးပေါ်သိန်း (မြင်းခြံမြို့နယ်၊ စည်း ရုံးရေးအဖွဲ့ဝင်)၊ ဦးမြင့်လွင် (မြင်းခြံမြို့နယ်၊ စည်း ရုံးရေးအဖွဲ့ဝင်)နဲ့ မနေ့ညက ဖမ်းဆီးလိုက်တဲ့ အဖွဲ့ချုပ်လူငယ် ကိုဝဏ္ဏအောင်၊ ကိုရဲမင်းဇော် ခေါ် ဖိုးဇော် နဲ့ ကိုစိုးခိုင်ဝင်းတို့ ဖြစ်ကြပါတယ်။ ■

## ဗကသအဖွဲ့ဝင်တဦး အဖမ်းခံရမည့်အန္တရာယ်မှ လူထုအကူအညီကြောင့် လွတ်မြောက်သွားခဲ့

*ဗွီအိုအေ ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

ဗကသအဖွဲ့ချုပ်က ကျောင်းသားတွေကို ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာ အာဏာပိုင်တွေက ဝင်ပြီးဖမ်းဆီးခဲ့ရာမှာ တချို့လွတ်မြောက်ခဲ့ပါတယ်။ ဒါဟာ မိဘပြည်သူတွေရဲ့အကူအညီကြောင့်သာ လွတ်မြောက်ခဲ့တာပါလို့ ကျောင်းသား ကိုကျော်ကိုကိုက ပြောပါတယ်။ ကိုကျော်ကိုကိုကို မအေးအေးမာက မေးမြန်းထားပါတယ်။

"ဟုတ်ကဲ့ပါရှင်၊ ဗကသများအဖွဲ့ချုပ်ရဲ့ စည်းရုံးရေးကော်မတီဝင်တဦးလည်းဖြစ်၊ ခေါင်းဆောင်တဦးလည်းဖြစ်တဲ့ ကိုကျော်ကိုကိုဟာ အောက်တိုဘာလ (၉) ရက်နေ့က အာဏာပိုင်တွေကဖမ်းဆီးနေစဉ် ပြည်သူတွေရဲ့အကူအညီနဲ့ လွတ်မြောက်သွားခဲ့ပါတယ်။ ဖမ်းဆီးခံရတဲ့နေ့က အဖြစ်အပျက်ကို ပြောပြခဲ့ရာ မှာတော့ –

ကျနော်တို့အိမ်မှာ ကျောင်းသားက (၄)ဦး၊ ပြီးတော့ အိမ်အလုပ်သမားပေါ့ အိမ်ဖော်ကတဦးနဲ့ သူ့ရဲ့ကလေးတယောက်ရှိပါတယ်။ အိမ်ရှင်တွေကတော့ အိမ်မှာမရှိပါဘူး။ ဟုတ်ကဲ့၊ ကျောင်းသားလေးဦးကတော့ ကျနော်ရယ်၊ လင်းထက်နိုင်ရယ်၊ ရာပြည့်ခေါ် စည်သူမောင်ရယ်၊ ဟန်နေဦးရယ် ဖြစ်ပါတယ်။ သုံးနာရီခွဲ လေးနာရီထိုးခါနီးအချိန်ပေါ့၊ နေ့လယ်နေ့ခင်းကြီးပါပဲ၊ နေ့လယ်ဖက်ပါပဲ။ ဖမ်းတဲ့အခါမှာ ကျနော်တို့စသိရတဲ့အချိန်မှာတော့ (၆) ယောက် (၇) ယောက်၊ ပုံစံတွေကတော့ အရပ်ဝတ်တွေနဲ့၊ အင်္ကျီအဖြူ လက်တိုတွေကို ဝတ်ထားပြီးတော့ အောက်ကလုံချည်နဲ့၊ တချို့က ဘောင်းဘီနက်ပြာရောင်တွေကို ဝတ်ထားပါတယ်။




သူတို့ကို ဖမ်းဆီးရမိခဲ့တဲ့နေရာဟာ တောင်ဥက္ကလာပ နေအိမ်တခုမှာဖြစ်ပြီး အိမ်ရှင်တွေကိုတော့ ဘာတွေဆက်လုပ်သလဲဆိုတာ မသိရကြောင်း၊ သူတို့ကိုဖမ်းတဲ့အခါမှာတော့ လူတွေက တဖြည်းဖြည်းများလာပြီး ကားတွေ ဆိုင်ကယ်တွေနဲ့ပါ ရောက်ရှိလာတာကို နောက်ဆုံးမြင်ခဲ့ရကြောင်း ပြောပြပါတယ်။ ဖမ်းဆီးခံရစဉ်မှာ ဘယ်လိုလွတ်မြောက်လာခဲ့သလဲလို့ မေးတဲ့အခါမှာတော့ –

ကျနော်ကတော့ သူတို့ဖမ်းဆီးတဲ့အချိန်မှာ ကျနော် ပြတင်းပေါက်ကနေပြီးတော့ တဆင့်ပေ့နော် ခုန်ချပြီးတော့ ကျနော်ထွက်ပြေးတဲ့အခါမှာ ပြည်သူလူထုအတော်များများက ကျနော့်အဲဒီနေ့မှာ ပုန်းအောင်းဖို့ နေရာတွေပေးတယ်၊ သွားရေးလာရေးအဆင်ပြေအောင်လို့ ကားငှားပေးတယ်၊ အဲလို အစရှိသဖြင့် အထောက်အပံ့တွေ၊ အကူအညီတွေ ကျနော့်ကို မျိုးစုံပေးလို့ ကျနော် ဒီလိုမျိုးလွတ်မြောက်လာခဲ့တာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ ကျေးဇူးဟာ ကျနော်တို့အပေါ်မှာ အများကြီး ကြီးမားပါတယ်။ ပြည်သူလူထုက ကျနော်တို့ တကယ်အားကိုးအားထားထိုက်တဲ့ ပြည်သူလူထုဖြစ်ပါတယ်။

ဗကသများအဖွဲ့ချုပ်အနေနဲ့ ရဟန်းရှင်လူ၊ ကျောင်းသား ပြည်သူအပေါင်းကိုလည်း အခုလို ပန်ကြားသွားခဲ့ပါတယ်။

ရဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသားလူငယ်အပေါင်းတို့၊ မေတ္တာပွားများနေတဲ့ ပြည်သူကို ရက်စက်စွာပစ်သတ်တဲ့ လူသတ်သမားတွေရဲ့မျက်နှာရှေ့မှာ သာသနာ့အလံတော်နဲ့ ခွပ်ဒေါင်းအလံတော်ကို ငါတို့လွှင့်ထူပြခဲ့ပြီးပြီ။ အခက်အခဲ၊ အချုပ်အနှောင်တွေနဲ့ ကြုံတွေ့ရင်ဆိုင်နေရတဲ့ တလျှောက်မှာ ရန်သူကို အညံ့မခံဘဲ ကြံ့ကြံ့ခံကျော်လွှားသွားကြမယ်လို့ ငါတို့ယုံကြည်။ ငါတို့ဟာ တဦးကျ တဦးတက် ရှေ့ဆက်ချီတက် အောင်ပွဲရှိရာ ပန်းတိုင်ဆီကို အလံတော်လွှင့်လို့ ထာဝစဉ်ချီတက်သွားကြမယ်။

ဗကသများအဖွဲ့ချုပ်ရဲ့ ပြောရေးဆိုခွင့်ရှိသူ ကိုကျော်ကိုကို ပြောပြသွားခြင်း ဖြစ်ပါတယ်။" ■

## သရက်တောကျောင်းတိုက်ရှိ သံဃာတော်များက အာဏာပိုင်များ၏ လှူဒါန်းမှုကို လက်မခံကြ

*ဗွီအိုအေ ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်မြို့က ဘုန်းကြီးကျောင်းတချို့မှာ သံဃာတွေက ကံဆောင်နေကြတုန်းပါပဲ။ ဒီအကြောင်းတွေအပါအဝင် ရန်ကုန်မြို့က နောက်ဆုံးအခြေအနေတချို့ကို ထိုင်းနိုင်ငံမှာရောက်နေတဲ့ ကိုသိန်းထိုက်ဦးကို ကိုကျော်ကျော်သိန်းက ဆက်သွယ်မေးမြန်းထားပါတယ်။

ဗွီအိုအေ။ ။ ကိုသိန်းထိုက်ဦးရေ၊ ရန်ကုန်အခြေအနေက အေးအေးဆေးဆေးပဲလား။ သံဃာတော်တွေကို စစ်အစိုးရက လှူဖွယ်ဝတ္ထုပစ္စည်းတွေ ကပ်လှူတဲ့သတင်းတွေကတော့ သတင်းစာတွေထဲမှာ တွေ့နေရတယ်နော်။

"ဟုတ်ကဲ့ ကိုကျော်ကျော်သိန်းရေ၊ သံဃာ့လုပ်ရှားမှုအနေနဲ့လို့ပဲ ပြောရမလိုဖြစ်နေတယ်။ လမ်းမတော်မှာရှိတဲ့ သရက်တောကျောင်းတိုက်မှာရှိတဲ့သံဃာတော်တွေက ဒီလိုစစ်အစိုးရဘက်ကနေပြီးတော့ ဆွမ်းဆန်လာလှူတာကို လက်မခံတာ တပတ်လောက်ရှိပြီတဲ့။ ဒါကြောင့် သံဃာတော်တွေကိုလည်း အာဏာပိုင်တွေက အပြင်ထွက်ပြီးတော့ ဆွမ်းခံကြွခွင့်မပေးဘူးဆိုပြီးတော့ သရက်တောကျောင်းတိုက်နဲ့ နီးစပ်တဲ့ ရန်ကုန်မြို့ခံတယောက်က အခုလိုပဲ ခိုင်ခိုင်လုံလုံပြောတယ်ဗျ။"

ဒီ နိုင်ငံတော်ကနေပြီး ဆန်တွေလာလှူဒါန်းထားတာ ရှိတယ်လေ။ လှူဒါန်းထားတာ (၇) ရက် လောက်ရှိပြီ။ ဆရာတော်တွေက အလှူမခံဘူး။

အလှူမခံတာကို ဒီနေ့ အဲဒီသရက်တောကျောင်းတိုက်မှာ စစ်ကားဆယ်စီး လောက်ရှိတယ်၊ စစ်ကားတွေဝိုင်းထားတယ်။ နောက်တခါ ဒီနေ့လည်း သူတို့ မီးစက်တခုကို ထပ်ပြီးတော့ လှူလိုက်တယ်၊ မီးစက်တခုကိုလှူတယ်။ ဆရာ တော်ကတော့ လက်မခံဘူး၊ မီးစက်ကြီးလေ။ အဲဒါ စစ်ကားနဲ့လာပို့တယ်၊ သရက်တောကျောင်းတိုက်မှာ။ အဲဒီသရက်တောကျောင်းတိုက်ဆိုတာ ဝင်းကြီးထဲမှာ အကျယ်ကြီးရှိတယ်လေ။ ဝင်းအကျယ်ကြီးထဲမှာ အလယ် တောရကျောင်းတိုက်ရဲ့ ဓမ္မာရုံထဲမှာ သိမ်ကြီးထဲမှာ အဲဒီဆန်တွေပုံထား တယ်။ ဆန်ပုံတယ်ဆိုတာ ဆန်အလွတ်တော့မဟုတ်ဘူးပေ့ါနော်။ အိတ် တွေနဲ့ထုတ်ပြီးတော့ ပုံထားတယ်။ အဲဒါကို ဆရာတော်ကြီးက လက်မခံတာ (၇) ရက်လောက်ရှိသွားပြီ။ လက်မခံတော့ ဆရာတော်တွေကို သူတို့က ဆွမ်းခံ ပေးမထွက်ဘူး။

ဒါကတော့ သရက်တောကျောင်းတိုက်က သံဃာတော်တွေက စစ်အစိုးရဘက်က ဆွမ်းဆန်လာလှူတာကို လက်မခံဘူးဆိုတဲ့အခြေအနေ ရန်ကုန်မြို့ခံတယောက်က ပြောပြသွားတာပါ။

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ လုံခြုံရေးတွေကရော၊ ဘုရားစေတီ ကျောင်း ခန်းတွေမှာ လုံခြုံရေးတင်းတင်းကျပ်ကျပ် ချထားတုန်းပဲလား။

"ဘုရားတွေမှာတော့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ ရှိနေတုန်းပဲလို့ ရန်ကုန်မြို့ခံတွေက ပြောကြတယ်ဗျ။ လမ်းပေါ်မှာတော့ သိပ်မတွေ့ရတော့ ဘူး။ ဒါပေမယ့်လည်း ဘုရားသွားမယ်ဆိုရင် အထူးသဖြင့် လူငယ်တွေအနေနဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက စစ်ဆေးတာတို့၊ မေးမြန်းတာတို့ တော်တော်လေး အနှောင့်အယှက်ခံရတဲ့ အနေအထားမျိုးရှိတော့ ဒီရက်ပိုင်းမှာ ဘုရားသွား တာကိုက တော်တော်ဆင်ခြင်ရတယ်လို့ ပြောတယ်။ ရန်ကုန်မြို့ခံလူငယ် တယောက်ကပဲ အခုလိုပြောတယ်ဗျ။

ဒီမှာတော့ မှတ်တိုင်တွေမှာလေ၊ လုံထိန်းတွေက တံတားအောက် မှာတို့ ဘာတို့ သေနတ်ကိုင်ထားတယ်။ ပြီးတော့ ဦးထုပ်နီပေ့ါ၊ ကျနော်တို့ အခေါ်ကတော့ ဦးထုပ်နီက အဲလိုတယောက်၊ မှတ်တိုင်မှာ တယောက် အဲဒီလို မျိုး လှည့်ချတယ်၊ ကျနော်တို့ ထရေးဒါးဘက်မှာပေ့ါနော် အဲဒီလိုတွေချထား တာ တွေ့ရတယ်။ ဆူးလေဘုရားမှာလည်း အနည်းအကျဉ်းရှိတယ်၊ အဲဒီလို မျိုး။ ဆူးလေဘုရားအဝမှာလည်း အက်စ်ဘီက မိန်းမတွေရော၊ ယောကျ်ား တွေရော အဲဒီမှာထိုင်ပြီးတော့ ဘုရားကိုတက်တဲ့ အလယ်တည့် တည့်ကနေ ပြီးတော့ ထိုင်ခုံနဲ့ထိုင်ပြီး သူတို့ ကြည့်နေတာတော့ရှိတယ်။ ဘုရားတို့ ဘာတို့ ကလည်း လူ အသွားအလာတော့နည်းတယ်။ တော်ရုံတန်ရုံကတော့ဗျာ ဘာမှမလုပ်ဘဲနဲ့တော့ မေးချင်ဖြေချင်စိတ် မရှိကြဘူးနဲ့တူပါတယ်၊ ဘုရားသွား ပြီးတော့လေ။ စိတ်ကသိကအောက်ဖြစ်လို့တဲ့၊ မသွားဘူးတဲ့။

ကျနော်တို့ ဒီ ကျိုက္ကဆံဘုရားဘက်မှာဆိုလည်း အဲဒီအတိုင်းပဲ။ ကျိုက္ကဆံဘုရားထဲမှာ စစ်တပ်ကို စွဲထားတယ်၊ အခုထက်ထိရှိသေးတယ်လေ၊ ကျိုက္ကဆံဘုရားထဲမှာ။ ဒါပေမယ့် သူက အင်အားတော့နည်းသွားတယ်ပေ့ါ၊ သိလား။ သူတို့ဘက်ကို လာသမျှသူဆိုရင် သူတို့မသင်္ကာရင် ခေါ်ခေါ်ပြီး မေး နေကြတယ်။ ကျနော်တို့ စကားပြောတာ မဆင်ခြင်ဘူး၊ ဘာညာ၊ သူတို့မေး တာကို သိပ်ဟိုဟာမဖြစ်ရင် ခေါင်းပေါ်လက်တင်ခိုင်းထားတယ်ဗျာ၊ ပြီးရင် ထိုင် ခိုင်းပြီး အဲဒီလိုမျိုး ဒီကောင်တွေက။ ဒါပေမယ့် လူကြီးပိုင်းတွေ သိပ်ပြီးတော့ မလုပ်ဘူးဗျ။ ဒါပေမယ့် လူငယ်ပိုင်းတွေ ယောကျ်ားလေးပေ့ါနော်၊ လူငယ်ပိုင်း ယောကျ်ားလေးဆိုရင် ဒီကောင်တွေက မိုက်မိုက်ရိုင်းရိုင်းပြန်ဆက်ဆံတယ်။ အဲဒီလိုမျိုးပေ့ါ။

ဒါကတော့ ရန်ကုန်မြို့အတွင်းလုံခြုံရေးအခြေအနေနဲ့ ပတ်သက်ပြီးတော့ ရန်ကုန်မြို့ခံတယောက် ပြောပြသွားတာပါ။

ဗွီအိုအေ။ ။ ဟုတ်ကဲ့ခင်ဗျ၊ တခြားလှုပ်ရှားမှုတွေရော ဘာများ ကြားသေးလဲ။

"တခြားလှုပ်ရှားမှုအနေနဲ့တော့ မနေ့ကတုန်းက တာမွေမြို့နယ် အထကကျောင်းအနီးမှာ ကျဆုံးသွားတဲ့ ကျောင်းသားတွေအတွက်ဆိုပြီး တော့ ဆိုင်းဘုတ်လာထောင်သွားတယ်။ အဲဒီဆိုင်းဘုတ်ထောင်တာကို ရပ် ကြည့်လို့ဆိုပြီးတော့ အငြိမ်းစားဆရာမသုံးယောက်လည်း အာဏာပိုင်တွေ ခေါ်သွားတာကို ခံခဲ့ရတယ်တဲ့။ ရန်ကုန်မြို့ခံတယောက်က အခုလိုပြောတယ်။

ကျောင်းသားမိဘတွေကနေပြီးတော့ မနေ့က မြန်မာနိုင်ငံ နအဖ စစ်အစိုးရကိုရှုတ်ချတဲ့ ဆိုင်းဘုတ်လေးတခုလုပ်ထားတယ်။ ဆိုင်းဘုတ်ထဲမှာ တော့ ဘာပါတုန်းဆိုရင် ရဟန်းသံဃာတော်တွေ၊ ကျောင်းသားပြည်သူတွေ၊ အပြစ်မဲ့ပြည်သူတွေကို မတရားသတ်ဖြတ်တယ်၊ သေနတ်နဲ့ပစ်သတ်တယ်၊ ကားနဲ့တိုက်သတ်တယ်။ ဒီအတွက်ကို မြန်မာနိုင်ငံ နအဖစစ်အစိုးရကို သူပုန် တပ်ဖွဲ့ဟု သတ်မှတ်ပါသည်ဆိုပြီးတော့ ဆိုင်းဘုတ်တခုထောင်ထားတယ်။ အောက်မှာတော့ တာမွေမြို့နယ် ကျဆုံးကျောင်းသားများ၏ မိဘများဆိုပြီး တော့ စာရေးထားတယ်အစ်ကိုရေ။

ဒါကတော့ ရန်ကုန်မြို့ခံတယောက်က ပြောပြသွားတာပါ။ အာဏာ ပိုင်တွေခေါ်သွားခဲ့တယ်ဆိုတဲ့ အငြိမ်းစားဆရာမသုံးယောက်ကိုတော့ နောက် နောင် ဘယ်လိုလှုပ်ရှားမှုမျိုးကိုပဲဖြစ်ဖြစ် ရပ်ကြည့်တာမျိုးတွေ၊ အားပေးတာ တွေမလုပ်ပါဘူးဆိုတဲ့ ခံဝန်ချက်လက်မှတ်ရေးထိုးခဲ့ရတယ်တဲ့။ အဲဒီဆရာမ တွေအနေနဲ့ သူတို့အဖမ်းခံခဲ့ရတယ်ဆိုတာကိုလည်း ဘယ်သူ့ကိုမှမပြောပါ ဘူးဆိုပြီးတော့ ကတိပေးပြီးတော့ နေ့ခင်းပိုင်းမှာ ပြန်လွှတ်လိုက်တယ်လို့ အတိအကျပြောပါတယ်။"

ဗွီအိုအေ။ ။ ဟုတ်ကဲ့ခင်ဗျ၊ အင်တာနက်တွေက အခု ကောင်း ကောင်းပြန်ဖွင့်နေပြီလား၊ အင်တာနက်ဆိုင်တွေရော ကောင်းကောင်းပြန်ပြီး တော့ လုပ်ငန်းလည်ပတ်နေပြီလား။

"အင်တာနက်ဆိုင်တွေကတော့ တရက်ကို လေးနာရီလောက်ပဲ ဖွင့်တယ်လို့ပြောတယ်။ အင်တာနက်ကလည်း သိပ်ကိုနှေးတဲ့အတွက် အလုပ်မဖြစ်သေးဘူးလို့ ရန်ကုန်မြို့ခံတယောက်ကပဲ အခုလို ပြောပါတယ်။

လေးနာရီလောက်ပဲ ဖွင့်တယ်ပေ့ါနော်၊ လာထိုင်တဲ့လူလည်း အရမ်း နည်းတယ်။ လာထိုင်တဲ့လူတွေကလည်း သုံးရတာအဆင်မပြေဘူးတဲ့၊ အချိန် အရမ်းကုန်တယ်ပေ့ါနော်။ အလုပ်တခုခုလုပ်ဖို့ဆို တော်တော်ကြာတယ်။ အီး မေးလ်ပို့တာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေ့ါနော်။ ပြီးတော့ သူတို့ ဟိုဘက်က နေပြီးတော့ ဒီ ဘလော့ခ်တွေထဲကို သူတို့ ဖွင့်ကြည့်လို့လည်း မရဘူးပေ့ါနော်။ ကွန်နက်ရှင် တအားပြတ်ပြတ်ကျတယ်တဲ့၊ ဘယ်လိုမှလုပ်လို့မရဘူးတဲ့။ အဲဒါ ကြောင့် သိပ်အသုံးနည်းတယ်ပေ့ါနော်။ သိပ်ပြီးတော့ အဆင်မပြေသေးဘူး။"

ဒါကတော့ အင်တာနက်သုံးရတဲ့အနေအထားနဲ့ ပတ်သက်ပြီး တော့ ပြောပြသွားတာပါ။ ရန်ကုန်ကတော့ အစ်ပွဲတော်အပြီး အရင်နှစ်တွေ ကဆိုလို့ရှိရင် လူသွားလူလာတွေနဲ့ စည်ကားခဲ့ပေမယ့် ဒီနှစ်တော့ တော် တော်လေးခြောက်ကပ်နေခဲ့တယ်လို့လည်း ရန်ကုန်မြို့ခံတွေက ပြောပြကြပါ တယ်။ ■

*ဓမ္မသည် အဓမ္မကို နိုင်မြဲ။ *

*လူထုတိုက်ပွဲ အရှိန်အဟုန်မြှင့်တင်ကြ*



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်

၂၀၀၇ မျိုးဆက်သစ်ကျောင်းသားများသမဂ္ဂ
2007 Generation Students' Union

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် – ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

၂၀၀၇ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်
၁၃၆၉ခုနှစ်၊ သီတင်းကျွတ်လဆန်း (၄) ရက်

NATIONAL LEAGUE FOR ...
● ဗဟိုဌာနချုပ် ●

**ကြေညာချက် – ၁၈ / ၁၀ / ၀၇**

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီပြောင်းလဲရေးအတွက် ယခုအခါ ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ တညီတညွတ်တည်းသော သဘောတူညီချက်ဖြင့် အလှည့်ကျဥက္ကဋ္ဌက ကြေညာချက်တစ်စောင် ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

ထိုသို့ထုတ်ပြန်ထားသော်လည်း မြန်မာနိုင်ငံတဝန်းတွင်မူ ဒီမိုကရေစီရေးအတွက် မိမိတို့ဆန္ဒကို ငြိမ်းချမ်းစွာထုတ်ဖော်ခဲ့သူများအား သက်ဆိုင်ရာအာဏာပိုင်တို့က နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ ဆက်လက်ဖမ်းဆီး ချုပ်နှောင်နေဆဲပင် ဖြစ်သည်။

ဖမ်းဆီးချုပ်နှောင်သူအချို့က ပြန်လွှတ်ပေးခဲ့သော်လည်း ထောင်နှင့်ချီသော ရဟန်းတော်များ၊ သီလရှင်များ၊ ပြည်သူများ၊ နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူ လူငယ်များ အကျဉ်းစခန်း၊ စစ်ကြောရေးစခန်းများတွင် ကျန်ရှိနေသေးကြောင်း၊ ဆင်းရဲဒုက္ခအမျိုးမျိုးကို ကြုံတွေ့ခံစားနေရကြောင်း ကြားသိရသည်။

ယင်းသို့ တရားဥပဒေနဲ့ ညီညွတ်ခြင်းမရှိဘဲ ဖမ်းဆီးခြင်း၊ စစ်ကြောခြင်း၊ နှိပ်စက်ညှဉ်းပန်းနေခြင်းများသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေပါသည်။

သို့ပါ၍ ဒီမိုကရေစီရေးအတွက် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြသူ ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ဆက်လက်ဖမ်းဆီးခြင်း၊ ဖမ်းဆီးခံရသူများအား ရိုက်နှက်နှိပ်စက်ခြင်း၊ အကြမ်းဖက်စစ်ကြောခြင်းများကို ချက်ခြင်း ရပ်ဆိုင်းပေးပါရန်နှင့် ဖမ်းဆီးခံထားရသူများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား တောင်းဆိုလိုက်သည်။

**၁၂ – ၁၀ – ၀၇ နေ့တွင် ကျင်းပသော**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏**
**အစည်းအဝေး ဆုံးဖြတ်ချက်အရ**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

၂၀၀၇မျိုးဆက်သစ်များသို့ အမှန်တရားကို
ဖော်ထုတ်ဖို့ကျောင်းသား/ပြည်သူလက်တွဲစို့

ယနေ့အချိန်အခါနိုင်ငံတော်တွင်ကြုံတွေ့နေရသည့် အခက်အခဲအခြေအနေများသည် မည်သည့်ခေတ်အခါနဲ့ မျှမတူတဲ့ဆိုးရွားလှတဲ့အခြေအနေတွေနဲ့ရင်ဆိုင်နေကြရတယ်လို့ငြီးတွားသံတွေဟာ အများပြည်သူတို့နားနဲ့ မဆံ့အောင် ကြားနေရတာ အမှန်တရားပါ။

ဘုန်းတော်ကြီးကျောင်းတွေကို စစ်မြေပြင်အလား စစ်သားတွေက ကြမ်းတမ်းစွာဝင်ရောက်ဖျက်ဆီး၊ သံဃာတော်များစွာကိုလည်း ဖမ်းဆီးအဓမ္မလူဝတ်လဲ၊ လူငယ်လူရွယ် ( အနာဂတ်၏ကြယ်ပွင့်)တွေကိုလည်း အကြောင်းအမျိုးမျိုးပြ၊ အသိနားမလည်သူများကို သက်သေအဓမ္မလုပ်ခိုင်း၊ တရားမဝင်ပုဒ်မများထုတ် ဖမ်းဆီးရိုက်နှက်နေတာတွေကို စိတ်မချမ်းမြေ့ဖွယ်ရာအဖြစ် မြင်တွေ့နေရတာအမှန်တရားပါ။

ကိုယ့်တိုင်းပြည်၊ ကိုယ့်ရေမြေ၊ ကိုယ့်နေအိမ်၊ ကိုယ့်ကျောင်းတိုက်ဖြစ်ပါလျက် ကိုယ့်နေရာမှာ မနေရဲ၊ မအိပ်ရဲ၊ မစားရဲ ဖြစ်နေကြရတဲ့ ရဟန်းသံဃာတွေ၊ ကျောင်းသားလူငယ်တွေ၊ ပြည်သူပြည်သားတွေ တရားမဝင်ဒုက္ခအသီးသီးမှ လွတ်ကင်းလေမလားအတွေးတွေနဲ့ ပုန်းရှောင်နေကြရတဲ့အဖြစ်အပျက်တွေ၊ နေ့စဉ်ညတိုင်းဖြစ်ပျက်နေတာ နေ့စဉ်ထုတ်သတင်းစာပါမဟုတ်တဲ့ အမှန်တရားတွေပါ။

ကျောင်းသားပြည်သူများအနေနဲ့ တိုင်းပြည်ရဲ့ အနာဂတ်ရောင်ခြည်ကို ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာမြင်ရဖို့ဆိုလျှင်တော့ မတရားလှတဲ့ အာဏာရှင်အစိုးရ၊ ဆိုးရွားလှတဲ့စနစ်ဆိုးပုဒ်မတွေကို ဆက်လက်ပြီးတည်ရှိခွင့်မပေးသင့်တော့တာ လက်တွေ့ကျတဲအမှန်တရားပါ။

အများပြည်သူများဘဝတွေ မတရားတဲ့စီမံ အုပ်ချုပ်ရေးစနစ်အောက်မှာ မည်သည့်နည်းနှင့်မျှ ရှင်သန်တိုးတက်မလာနိုင်တာတွေ၊ တစ်နေ့ရတဲ့ငွေ – တစ်မနက်စားလို့ မလောက်ငှတာတွေ၊ အများပြည်သူတွေ လက်ရှိဖြစ်ပျက်၊ ယုံကြည်ခံစားနေကြရသူတွေဟာ ကြေငြာပါသတင်းမဟုတ်တဲ့ အမှန်တရားတွေပါ။

အတိတ်အစဉ်အဆက်နောင်တော်မျိုးဆက်တွေရဲ့ ပေးဆပ်တိုက်ပွဲ လူ့အခွင့်အရေးတောင်းဆိုခဲ့ကြတာတွေဟာ လုံးဝတရားတယ်ဆိုတာ ကျွန်တော်တို့မျိုးဆက်သစ်တွေအပါအဝင် အများပြည်သူကြုံတွေ့လိုက်ရတဲ့ဖြစ်ရပ်တွေက သက်သေပြနေပါတယ်။

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

နောင်တော်ကျောင်းသားကြီးတွေရဲ့ တာဝန်ကြေခဲ့တဲ့ သမိုင်းအစဉ်အလာတွေကို ကျွန်တော်တို့ ၂၀၀၇ မျိုးဆက်သစ်တွေအနေနဲ့ ကိုယ့်တာဝန်ကိုယ်သိ လက်ဆင့်ကမ်းသယ်ဆောင်းရင်း ဆိုးရွားတဲ့စနစ်ဆိုးကြီးကို အပြတ်ချေမှုန်းရန် လူငယ်များနှင့်ပြည်သူများ၏ စိတ်ဓာတ်ကို နိုးထစေလိုက်ပါပြီ။

"ကျွန်တော်တို့ကို မိဘပြည်သူတွေနဲ့ဝေးရာ မြို့ပြင်တွေမှာ ကျောင်းသားအချင်းချင်းမစုဝေးနိုင်အောင် အစီအမံချထားသော်လည်း စိတ်တူကိုယ်တူ၊ ညီညွတ်သောအားတွေနဲ့ အာဏာရှင်စနစ်ဆိုးကို အမြန်ဆုံး ဖယ်ရှားပစ်နိုင်ဖို့ စုဝေးနိုင်ရေးကို ကြိုးပမ်းကြရပါမည်။ **"လက်တစ်ဆုပ်စာ အာဏာရှင် လူတစ်စုကောင်းစားရေးကိုမလိုလားဘဲ လူတန်းစား မရွေး တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကောင်းစားရေး"**အတွက် လက်တွေ့ကျကျအကောင်အထည်ဖော်သင့်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ရက်စွဲ – ၁၃ ရက်အောက်တိုဘာ (၂၀၀၇)

**၂၀၀၇ မျိုးဆက်သစ်ကျောင်းသားများသမဂ္ဂ**

---

## မကျေနပ်တဲ့ပြည်သူများက ညီလာခံထောက်ခံပွဲကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆန့်ကျင်

*ဒီဗွီဘီ၊ ၁၅ အောက်တိုဘာလ၊ ၂၀၀၇*

ရန်ကုန် သုဝဏ္ဏအားကစားကွင်းမှာလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ ထောက်ခံပွဲကိုတက်ရတဲ့ ဝန်ထမ်းတွေကို တယောက် ကျပ် (၅၀၀) နှုန်းပေးမယ်လို့ အာဏာပိုင်တွေက ကြိုတင်ပြောဆိုပေမယ့် တကယ်မပေးတဲ့အတွက် ဝန်ထမ်းတွေမကျေမနပ်ဖြစ်နေတယ်လို့ စုံစမ်းသိရှိရပါတယ်။ ပေးမယ်ဆိုတဲ့ ကျပ် (၅၀၀) ထဲက (၁၀၀) ကို ကြိုပို့ကားခအဖြစ် နုတ်ယူပြီး ကျန် (၄၀၀) ကို လကုန်မှ လခနဲ့ ပေါင်းပေးမယ်လို့ အရာရှိတွေက ပြောဆိုတာကြောင့် ဝန်ထမ်းတွေက မကျေမနပ်ကြတာလို့ ချီတက်လမ်းလျှောက်ရာမှာ ကိုယ်တိုင်ပါဝင်ခဲ့တဲ့ အမည်မဖော်လိုသူဝန်ထမ်းတဦးက ပြောပါတယ်။

"မနက် (၃) နာရီကျော်လောက်ကတည်းက ထသွားကြရတော့ ဒေါသတွေထွက်လာပြီးတော့ ပေါက်ကရတွေလျှောက်လျှောက်လုပ်တယ်၊ မိုးမလင်းသေးဘူး ထသွားရတယ်။" သုဝဏ္ဏအားကစားကွင်းထဲမှာ ပြည်သူလူထုက အာဏာပိုင်တွေသတ်မှတ်တဲ့နေရာတွေမှာ မထိုင်ကြဘဲ နေချင်သလိုနေကြသလို ချီတက်ရာမှာလည်း ကြွေးကြော်သံတွေကို ပေါက်တတ်ကရတွေ အော်ဟစ်တယ်လို့ အဆိုပါဝန်ထမ်းက ပြောပါတယ်။

"သူတို့အမိန့်ပေးတဲ့အတိုင်းလည်း မဟုတ်ဘူး၊ ဟိုနေရာထိုင်ဆို ဒီနေရာထိုင်၊ ဟိုမှာထဆိုရင် ဒီဖက်ထိုင် လုပ်နေကြတယ်။ ဘယ်လောက် ရက်ဖို့ကောင်းသလဲဆိုတော့ မိုက်ကြီးတလုံးနဲ့ လိုက်ပြီးအော်နေတာကို၊ အရန်မီးသတ် တပ်ဖွဲ့ဝင်တွေကအစ ဒီဘက်မှာထိုင်ပါဆို၊ ဟိုဘက်ထိုင်နေကြတယ်။ ဒီဘက်ကို ရွှေ့ထိုင်ကြပါ၊ ဒီဘက်ကို တန်းစီကြပါဆိုလို့ရှိရင် 'မစီဘူးကွာ၊ ဟိုဘက်မှာပဲ စီမယ်ဆိုမယ်' ဆိုပြီးတော့ တယောက်မှာ ရွှေ့မလာကြဘူး၊ အဲဒါ မိုက်နဲ့အော်နေတာ ဆယ်ခါလောက်ရှိတယ်။" တန်းစီချီတက်စဉ်မှာလည်း ပြည်သူ့ဆန္ဒပြပွဲများကိုရှုတ်ချတဲ့ ကြွေးကြော်သံတွေနဲ့ စစ်အစိုးရရဲ့ ဝါဒဖြန့် ကြွေးကြော်သံများကို ပြည်ခိုင်ဖြိုး(ကြံ့ဖွံ့)အဖွဲ့ဝင်များကပဲ သံယောင်လိုက်အော်ဟစ်ကြပါတယ်။ ကျန် ဝန်ထမ်းများနဲ့ ပြည်သူများက ကိုယ်တတ်နိုင်တဲ့နည်းနဲ့ ဆန့်ကျင်ကြတယ်လို့ ပြောပါတယ်။

"ရှေ့ကနေတိုင်တယ်ပေါ့၊ အဖျက်သမားဘယ်လို ဖြစ်မယ်ပေါ့နော်၊ လမ်းပြ (၇) ရပ်၊ ဘာလုပ်မယ်၊ ဘယ်လိုလုပ်မယ်တို့ အဲဒါတို့ပြောတယ်၊ ကြံ့ဖွံ့က လေးငါးယောက်လောက်ပဲ လက်သီးလက်မောင်းတန်းပြီး လျှောက်အော်နေကြတာ။ ကျန်တဲ့ကောင်တွေက အောက်ကနေ ခေါင်းငုံ့ပြီးတော့ 'ဒို့နဲ့မဆိုင်၊ ဒို့အရေးမဟုတ်ဘူး၊ (၅၀၀) ရလို့ ချီတက်ကြတာ' လို့ လျှောက်နောက်နေကြတယ်။" ငြိမ်းချမ်းစွာဆန္ဒပြတဲ့ သံဃာတော်တွေနဲ့ ကျောင်းသားပြည်သူတွေကို စစ်အစိုးရက ရိုက်နှက်၊ ပစ်ခတ်၊ ဖမ်းဆီး၊ သတ်ဖြတ်ခဲ့ပြီးနောက် အမျိုးသားညီလာခံထောက်ခံပွဲတွေကို ပြုလုပ်နေတဲ့အတွက် ပြည်သူလူထုက လုံးဝမကျေနပ်ဘူးလို့ ရန်ကုန်မြို့ခံများက ပြောပါတယ်။ စစ်အစိုးရက ငြိမ်းချမ်းစွာဆန္ဒပြတဲ့ ရဟန်းသံဃာသုံးပါးကိုဖားဝင် သံဃာတော်တွေကို အကြမ်းဖက်ပစ်ခတ် ဖမ်းဆီးပြီးနောက် ပုဒ်မ (၁၄၄) ညမထွက်ရအမိန့် ထုတ်ပြန်ပြီး ငြိမ်းချမ်းစွာဆန္ဒပြပွဲတွေဖြစ်ပေါ်မလာအောင် စီစဉ်ခဲ့တယ်လို့ ရန်ကုန်သားတဦးက ထောက်ပြပါတယ်။

"လူထုထောက်ခံပွဲလုပ်တယ်ဆိုတဲ့အခါကျတော့ သူတို့လူထုတွေကျတော့ ဒီ (၅) ယောက်ထက်ပိုပြီးတော့ ၁၄၄–လား ဘာနဲ့လဲ မငြိဘူးလား။ အဲဒါကျတော့သူတို့က လူစုခွဲခိုင်းတာတွေ မလုပ်ဘူးလား။ ဒါမျိုးတွေကျတော့ ကိုယ်တွေက မေးချင်တာပေါ့နော်၊ ဒီမှာကလူ (၅) ယောက်ထက်မပိုရဘူး၊ ဘာဘူး ညာဘူးနဲ့ သူတို့အော်တယ်လေ၊ သူတို့ထောက်ခံပွဲတွေလုပ်တဲ့ အခါကျတော့ သူတို့တွေက အဲဒါမျိုးကျတော့ မဖြို့ခွင်းဘူးလား၊ အဲဒီကတည်းက အဓိပ္ပါယ်သိပ်မရှိတော့ဘူးဆိုတာသိတယ်။" ■

---

## မြန်မာပြည်အရေး ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ် သံဃာများ ကုလကို တိုက်တွန်း

*သတင်းနှင့်မီဒီယာကွန်ယက်၊ ၁၅ အောက်တိုဘာလ၊ ၂၀၀၇*

ထိုင်းနိုင်ငံရှိ ဘင်္ဂလားဒေ့ရှ် ဗုဒ္ဓဘာသာအဖွဲ့မှ သံဃာတော်များက မြန်မာပြည်မှ ငြိမ်းချမ်းစွာဆန္ဒပြသော သံဃာတော်များကို စစ်အစိုးရက အကြမ်းဖက်ဖြိုခွဲခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း သဝဏ်လွှာတစောင်ကို ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးသို့ ယနေ့ပေးပို့လိုက်သည်။

ယင်းသဝဏ်လွှာတွင် မြန်မာပြည်တွင် လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ချက်ချင်းရပ်တန့်ရန်၊ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းထားသော သံဃာများနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို လွှတ်ပေးရန်၊ စစ်အုပ်ချုပ်မှုကို ဖျက်သိမ်းရန်နှင့် သတ်ဖြတ်ခံရသော ဂျပန်သတင်းထောက် ဂန်ဂျီနာဂါအိကိစ္စကို လွတ်လပ်စွာ စုံစမ်းဖော်ထုတ်ခွင့်ပြုရန် အချက်များတင်ပြတောင်းဆို ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံအခြေစိုက်ဂျူမော်ဗုဒ္ဓဘာသာအဖွဲ့ အတွင်းရေးမှူးဖြစ်သူ အရှင်ဒီပိုင်ယွန်း ချက်ကမာက မိန့်ကြားသည်။

ဘင်္ဂလားဒေ့ရှ် ဗုဒ္ဓဘာသာအဖွဲ့မှ သံဃာတော် (၈)ပါးနှင့် ကမ္ဘောဒီးယားမှ သံဃာတော်တပါးသည် နံနက်(၁၀) နာရီခွဲခန့်က ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ လူ့အခွင့်အရေးဆိုင်ရာ ဒါရိုက်တာနှင့် တွေ့ဆုံ၍ သဝဏ်လွှာကိုပေးအပ်ခဲ့သည်။

သံဃာတော်များနှင့်အတူ ထိုင်းနိုင်ငံရောက် ဒီမိုကရေစီရေးလုပ်ရှားသူ မြန်မာများကလည်း ကုလသမဂ္ဂမှလူ့အခွင့်အရေးဆိုင်ရာ ဒါရိုက်တာနှင့်တွေ့ဆုံခဲ့ကာ အချက်သုံးချက်တောင်းဆိုခဲ့သည်ဟု မြန်မာဒီမိုကရေစီရေး ပူးတွဲလုပ်ရှားမှုကော်မတီမှ ကိုခိုင်ကြီးကပြောသည်။

ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ပီညဲရိုးကို မြန်မာပြည်သို့စေလွှတ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးပြီး ဖော်ထုတ်ပေးရန်၊ ဒုတိယအချက်က အိုင်စီအာစီ (နိုင်ငံတကာကြက်ခြေနီအဖွဲ့)ရဲ့ လုပ်ငန်းတွေအားလုံး ပြန်လုပ်ဆောင်ခွင့်ပေး

ရန်နဲ့ တတိယအချက်က ကမ္ဘာ့လူမှုရေးနဲ့ လူ့အခွင့်အရေးအဖွဲ့များကို မြန်မာပြည်တွင်းဝင်ရောက်ခွင့်ပေးရန် သုံးချက်တောင်းဆိုတယ်ခင်ဗျ။

ကုလသမဂ္ဂမှ လူ့အခွင့်အရေးဆိုင်ရာ ဒါရိုက်တာက သံဃာတော်များနှင့် မြန်မာဒီမိုကရေစီရေးပူးတွဲလှုပ်ရှားမှုကော်မတီမှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့ပြီး မြန်မာပြည်၏နောက်ဆုံးအခြေအနေနှင့် ထိုင်းနိုင်ငံသို့ တိမ်းရှောင်လာသော သံဃာတော်များ၏ အခြေအနေများကို မေးမြန်းခဲ့သည်။

ဂျူမော်ဗုဒ္ဓဘာသာအဖွဲ့သည် ဗုဒ္ဓဘာသာဝင်များ အများဆုံးနေထိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းတောင် တန်းဒေသတွင် အခြေစိုက်ထားပြီး သဝဏ်လွှာပေးပို့သော သံဃာများသည် ထိုင်းနိုင်ငံတွင် သတင်းသုံးပြီး စာပေသင်ကြားနေသူများဖြစ်သည်။ ■

---

# သရက်မြို့နယ် မယကဥက္ကဌရဲ့အလှူငွေကို သမင်ဇာဆရာတော်ကြီးက လက်မခံ

*ဒီဗွီဘီ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

သရက်မြို့နယ် အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီဥက္ကဌနဲ့ မြို့နယ်အာဏာပိုင်များက သမင်ဇာတောရဆရာတော်ကို အလှူငွေများဆက်ကပ်ပေမယ့် ဆရာတော်ကြီးက ငြင်းပယ်လိုက်တယ်လို့ မျက်မြင်တွေ့ရှိသူများက ပြောပါတယ်။

မကွေးတိုင်း သရက်ခရိုင် သမင်ဇာတောမှာ တောရဆောက်တည်နေတဲ့ သက်တော် (၉၀) ကျော် ဆရာတော်ကြီးက ပတ္တနိက္ကုဇ္ဇန သပိတ်ကံဆောင်ထားတာကြောင့် လက်မခံကြောင်း မိန့်ကြားတယ်လို့ဆိုပါတယ်။ သရက်မယကဥက္ကဌနဲ့အဖွဲ့က ငါးပါးသီလခံယူဖို့ လျှောက်ထားတာကိုလည်း ဘုရားဝိနည်းအရ သီလပေးခွင့်မရှိဘူးလို့ ပြန်လည်မိန့်ဆိုတယ်လို့ သရက်နယ်သားတဦးက ပြောပြပါတယ်။

အာဏာပိုင်များနဲ့ မဆက်ဆံရေး ပတ္တနိက္ကုဇ္ဇနကံဆောင်ထားပြီလို့ သမင်ဇာဆရာတော်က အခုလဆန်းပိုင်းမှာ ထုတ်ဖော်မိန့်ကြားခဲ့ပါတယ်။ ပတ္တနိက္ကုဇ္ဇန၏အစ စက်တင်ဘာ (၅) ရက် ပခုက္ကူမြို့မှာ ငြိမ်းချမ်းစွာကြွချီမေတ္တာပို့တဲ့ သံဃာတော်များကို စစ်တပ်နဲ့ လုံထိန်းရဲများက ကြိုးတုပ်ရိုက်နှက် သင်္ကန်းချွတ် စော်ကားခဲ့ပါတယ်။ သံဃာတော်များက ဝန်ချတောင်းပန်ခိုင်းတာကို စစ်အစိုးရက မလိုက်နာတာကြောင့် စက်တင်ဘာ (၁၈) ရက်ကစတင်ပြီး သံဃာထုတရပ်လုံးက သံဃပတ္တနိက္ကုဇ္ဇနကံဆောင်မှုကို အစပြုခဲ့ပါတယ်။

သံဃာတော်များရဲ့ ကြွချီမေတ္တာပို့ဆန္ဒပြပွဲများကို နိုင်ငံအနှံ့မှာ ဆောင်ရွက်ခဲ့ပါတယ်။ နအဖ စစ်အစိုးရရဲ့တပ်တွေက သံဃာတော်များကို ရိုက်နှက်သတ်ဖြတ်ဖမ်းဆီးတာကြောင့် သံဃာတော်များ ပျံလွန်တော်မူခဲ့ရပြီး ထောင်နဲ့ချီတဲ့ သံဃာတော်များကို စစ်အစိုးရက ဖမ်းဆီးထားပါတယ်။ သံဃာတော်များဘက်ကတော့ စစ်အစိုးရက မတောင်းပန်မချင်း သပိတ်ကံဆောင်ပွဲကို ဆက်လက် ပြုလုပ်သွားမယ်လို့ မိန့်ကြားထားပါတယ်။ ■

---

# မြန်မာနိုင်ငံအတွင်း ဆက်လက်ဖမ်းဆီးနေမှုများကို ချက်ချင်းရပ်ဆိုင်းရန် ကုလသမဂ္ဂတောင်းဆို

*ဗွီအိုအေ ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာပြည်ဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ်ဖြစ်သူ မစ္စတာ အီဘရာဟင် ဂမ်ဘာရီဟာ မြန်မာ့အရေးဆွေးနွေးမှုတွေလုပ်ဖို့ အာရှခြောက်နိုင်ငံခရီးစတင်နေရာမှာ ဒီကနေ့တော့ ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှာ သတင်းစာရှင်းလင်းပွဲတခု လုပ်ခဲ့ပါတယ်။ အဲဒီမှာ သူက မြန်မာပြည်မှာ ဖမ်းဆီးနေတာတွေကိုရပ်ဆိုင်းဖို့ တောင်းဆိုခဲ့ပါတယ်။

ဗွီအိုအေ။ ။ ကိုသိန်းထိုက်ဦးရေ ဒီနေ့ မစ္စတာဂမ်ဘာရီက ထိုင်းနိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့ပြီးတဲ့နောက်မှာ သူ သတင်းထောက်တွေနဲ့တွေ့ပြီးတော့ မြန်မာနိုင်ငံမှာ အခုလိုဖမ်းဆီးနေတာတွေကို ချက်ချင်းရပ်ဆိုင်းဖို့ ဆိုတာ ပြောသွားတယ်ဆိုပြီးတော့ သတင်းထွက်တယ်လေ။ ဆိုတော့ သူ သတင်းထောက်တွေကို ဘာများပြောသွားသေးလဲ။

"ဟုတ်ကဲ့ ကိုကျော်ကျော်သိန်းရေ၊ သူက ထိုင်းနိုင်ငံခြားရေးဝန်ကြီး Nitya Pibulsonggram နဲ့ တွေ့ဆုံပြီးတော့ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှာပဲ ဒီနေ့ သတင်းထောက်တွေကို တွေ့ဆုံပါတယ်။ မစ္စတာ ဂမ်ဘာရီက မြန်မာနိုင်ငံကို သူ မကြာခင်အချိန်အတွင်း ပြန်သွားနိုင်ရေး၊ မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ ပေါ်ပေါက်လာအောင် ဒေသတွင်းခေါင်းဆောင်တွေနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ လိုအပ်တဲ့ နိုင်ငံရေးပတ်ဝန်းကျင် အနေအထားကို ဖန်တီးဖို့ဖြစ်တယ်လို့ ပြောပါတယ်။ သူ့ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ လာရတဲ့အကြောင်းရင်းသုံးချက်ကိုလည်း အခုလိုပြောပါတယ်ခင်ဗျ။

မြန်မာနိုင်ငံအတွင်းမှာ ဆန္ဒပြပွဲတွေကို စစ်အစိုးရကချေမှုန်းတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ဆက်ရှိနေတာတွေနဲ့ပတ်သက်ပြီး ကုလသမဂ္ဂအနေနဲ့ အထူးစိုးရိမ်မိပါတယ်ဆိုတာကို မြန်မာ့အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံတွေကို ပြောပြဖို့ဖြစ်ပါတယ်လို့ သူကပြောပါတယ်။

ဒုတိယကတော့ မြန်မာနိုင်ငံကို အမြန်ဆုံးသွားပြီး အားလုံးပါဝင်နိုင်တဲ့ သက်ဆိုင်ရာအဖွဲ့အစည်းပေါင်းစုံ ပါဝင်ဆွေးနွေးနိုင်တဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတွေဖြစ်မြောက်ရေး ကုလသမဂ္ဂကနေ ကူညီဆောင် ရွက်နေတာကို နောက်တဆင့်ဆက်ပြီး အကောင်အထည်ဖော်နိုင်အောင် ဒေသတွင်းနိုင်ငံတွေနဲ့ ဆွေးနွေးဖို့ဖြစ်တယ်လို့ ပြောပါတယ်။

နောက်တခုကတော့ မြန်မာနိုင်ငံမှာတွေ့ကြုံနေရတဲ့ နိုင်ငံရေး၊ စီးပွားရေး အခက်အခဲတွေ၊ အကဲစမ်းမှုတွေကို ကုလသမဂ္ဂအနေနဲ့ ကူညီဖြေရှင်းပေးတဲ့နေရာမှာ အိမ်နီးချင်းနိုင်ငံတွေ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အကြံဉာဏ်ယူရင်း ဆက်လက်ကူညီပံ့ပိုးနိုင်ရေးအတွက် ဖြစ်ပါတယ်လို့ ပြောသွားပါတယ်ခင်ဗျ။"

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ လက်ရှိ မြန်မာပြည်ထဲမှာ ဖမ်းဆီးနေတာတွေနဲ့ပတ်သက်ပြီးတော့ရော သူက ဘာမှမပြောဘူးလား။

"မြန်မာနိုင်ငံအတွင်းမှာ ကျောင်းသားခေါင်းဆောင်တွေကို ဖမ်းဆီးနေတာတွေ၊ စစ်ဆေးမေးမြန်းနေတယ်ဆိုတဲ့ သတင်းတွေနဲ့ ခြိမ်းခြောက်မှုတွေရှိနေတာတွေက ကုလသမဂ္ဂနဲ့ မြန်မာနိုင်ငံအကြား အပြန် အလှန် ထိတွေ့ဆက်ဆံရေး စိတ်ထားတွေကို အလွန်အမင်း အနှောင့်အယှက်ဖြစ်စေပါတယ်လို့ မစ္စတာ ဂမ်ဘာရီက ပြောသွားပါတယ်။ ဒီအနေအထားတွေကို ထိခိုက်စေတယ်လို့ သူက ပြင်းပြင်းထန်ထန် ဝေဖန်သွားပါတယ်ခင်ဗျ။ ဒါကြောင့်လည်း ဒီလို နိုင်ငံရေးရာဖိနှိပ်မှုတွေကို ချက်ချင်းရပ်စဲဖို့ဆိုပြီးတော့ သူက အခုလိုတောင်းဆိုပါတယ်။

မြန်မာနိုင်ငံမှာ ဆန္ဒပြပွဲတွေအတွင်း ဖမ်းဆီးခံနေရသူတွေအပါအဝင် နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းခံနေရတဲ့သူတွေကို ချက်ချင်းလွှတ်ပေးဖို့ ကုလသမဂ္ဂအနေနဲ့ ထပ်မံတောင်းဆိုပါတယ်၊ ဒီလို ဖမ်းဆီးထားသူတွေကို အိုင်စီအာစီ နိုင်ငံတကာကြက်ခြေနီအသင်းကြီးအနေနဲ့ သွားရောက်တွေ့ဆုံခွင့်ပေးဖို့လည်း တောင်းဆိုပါတယ်ဆိုပြီးတော့ မစ္စတာဂမ်ဘာရီက ပြောသွားတာပါခင်ဗျ။”

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ အခု သူ့ခရီးစဉ်အတွင်းမှာ မြန်မာပြည်ကို သွားမယ်၊ မသွားဘူးဆိုတာရော၊ သူ သေချာပေါက်သွားမှာလား။

“ဟုတ်ကဲ့ ကိုကျော်ကျော်သိန်းရေ၊ အခု ဒီ ခြောက်နိုင်ငံခရီးစဉ်ပေါ့လေ၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း ဒီခရီးစဉ်မစခင်ကတည်းက မြန်မာနိုင်ငံကို သွားစေချင်တယ်ဆိုပြီးတော့ အမေရိကန်ပြည်ထောင်စုဘက်ကတော့ ပြောထားခဲ့တာရှိပါတယ်။ ဒါပေမယ့် မစ္စတာဂမ်ဘာရီကတော့ သူ့ခရီးစဉ်တာဝန်တွေပြီးဆုံးသွားပြီး မကြာခင်မှာပဲ မြန်မာနိုင်ငံကို ပြန်သွားနိုင်ခွင့်ရှိမယ်လို့ သူ့အနေနဲ့ မျှော်လင့်ထားတယ်လို့ ပြောပါတယ်။

ကျနော့်အနေနဲ့ လာမယ့်နိုဝင်ဘာလလယ်မှာ မြန်မာနိုင်ငံကို ပြန်သွားနိုင်ဖို့ ပြန်လည်ဖိတ်ကြား ခံထားရပါတယ်။ မြန်မာစစ်အစိုးရ ထိပ်တန်းခေါင်းဆောင်တွေက ဒီဖိတ်ကြားချက်ကို အတည်ပြုထားပါတယ်။ ဒါပေမယ့် အစောဆုံးပြန်သွားနိုင်မယ်လို့ မျှော်လင့်ပါတယ်ဆိုပြီးတော့ မစ္စတာဂမ်ဘာရီ ပြောသွားတာပါခင်ဗျ။”

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ ဒီတိုင်းဆိုရင်တော့ သူ သေချာပေါက် မြန်မာပြည်ကို သွားဖြစ်မယ့် သဘောပေါ့လေ။

“တခုတော့ရှိတယ်ဗျ၊ နိုဝင်ဘာလလယ်မှပဲ ဖိတ်ကြားခံထားရတယ်ဆိုတော့ ဒီခရီးစဉ်မှာ မသွားဖြစ်ရင်တောင် နိုဝင်ဘာလလယ်တော့ သေချာပေါက်သွားဖြစ်မယ်ဆိုတဲ့ အနေအထားမျိုးပဲခင်ဗျ။”

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ ဆိုတော့ကာ လက်ရှိစစ်အစိုးရဟာ မြန်မာပြည်အခြေအနေကို ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်အောင် တကယ်ပြောင်းလဲမယ်လို့ သူက ယုံကြည်သလားဗျ။

“မြန်မာနိုင်ငံရဲ့အခြေအနေက ပြောင်းလဲလာဖို့ထက် တခြားရွေးချယ်စရာလမ်းမရှိတော့ဘူးလို့ မစ္စတာဂမ်ဘာရီက ပြောပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်း ပြောင်းလဲလာခဲ့တယ်ဆိုပြီးတော့ သူက အခုလိုပြောပါတယ်။ အာဆီယံနိုင်ငံတွေရဲ့ ရပ်တည်ချက်တွေကလည်း ပြောင်းလဲလာခဲ့တယ်၊ နိုင်ငံတကာရဲ့ ရပ်တည်ချက်တွေကလည်း ပြောင်းလဲလာခဲ့တယ်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီကလည်း မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ပထမဆုံးအကြိမ် ကြေညာချက်ထုတ်ပြန်လာခဲ့တယ်။ မြန်မာနိုင်ငံမှာ တွေ့ကြုံနေရတဲ့ အခြေအနေတွေကို တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ကလွဲလို့ တခြားနည်းလမ်းမရှိတဲ့ အကြောင်းကို မစ္စတာဂမ်ဘာရီက ပြောသွားပါတယ်ခင်ဗျ။”

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ ဆိုတော့ အခုဟာက ဒီ မြန်မာစစ်အစိုးရကနေပြီးတော့ ကုလသမဂ္ဂက တောင်းဆိုထားတာတွေကို မလုပ်ဘူးဆိုရင် ပြင်းထန်တဲ့ဒဏ်ခတ်ပိတ်ဆို့မှုတွေချမှတ်ဖို့ဆိုပြီးတော့ ပြောဆိုနေကြတာတွေ ရှိပါတယ်။ အထူးသဖြင့် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေပေါ့လေ။ ဥရောပသမဂ္ဂမှာဆိုလည်း အခု ဒီကိစ္စကို ဆွေးနွေးပြီးတော့ မကြာခင်မှာပဲ ဆုံးဖြတ်ချက်ထွက်လာဖို့ အလားအလာက ရှိနေပါတယ်။ အရေးယူပိတ်ဆို့မှုတွေနဲ့ ပတ်သက်ပြီးတော့ရော မစ္စတာဂမ်ဘာရီက ဘာပြောသေးလဲ။

“အရေးယူပိတ်ဆို့တာတွေကတော့ ဒီလိုသက်ဆိုင်ရာနိုင်ငံတွေရဲ့ ဆုံးဖြတ်ချက်ပဲ၊ ဒီနိုင်ငံတွေရဲ့သဘောပဲဆိုတာမျိုး မစ္စတာဂမ်ဘာရီက ပြောပါတယ်။ ဒါပေမယ့် သူက International Herald Tribune သတင်းစာမှာပါတဲ့ ဆောင်းပါးတပုဒ်ကို ကိုးကားပြီးတော့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးနဲ့ ဒီ ပြင်သစ်နိုင်ငံဘက်ကနေပြီးတော့ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့တာထက် ပိုပြီး ကျယ်ပြန့်တဲ့ ချဉ်းကပ်မှုရှိရမယ်လို့ပြောဆိုတာကို သူ့အနေနဲ့ အားရကျေနပ်မိတယ်လို့ ပြောပါတယ်။ ပိတ်ဆို့အရေးယူတာမျိုးထက် စစ်အစိုးရဘက်က လိုက်လျောလာမယ်ဆိုလို့ရှိရင် ပြန်ပြီးတော့ အကျိုးခံစားခွင့် ဘာတွေပေးမယ်ဆိုတဲ့ ကမ်းလှမ်းချက်မျိုးရှိသင့်တယ်ဆိုတဲ့ အကြံပေးချက်မျိုးကို သူ့အနေနဲ့ အားရမိတယ်ဆိုပြီးတော့ ပြောသွားပါတယ်။”

ဗွီအိုအေ။ ။ ဟုတ်ကဲ့၊ နောက်တခုပေါ့လေ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌရဲ့ ကြေညာချက်ထွက်လာပြီးတဲ့နောက်မှာ စစ်အစိုးရက ဒီ လုံခြုံရေးကောင်စီရဲ့ကြေညာချက်ဟာ မြန်မာပြည်သူလူထုဆန္ဒနဲ့ မကိုက်ညီပါဘူး၊ သူတို့ကတော့ သူတို့ချမှတ်ထားတဲ့ နိုင်ငံရေးလမ်းညွှန် (၇) ချက်အတိုင်းပဲ သူတို့ဆက်သွားမယ်ဆိုပြီးတော့ ကြေညာတယ်လေ။ ဆိုတော့ အဲဒါနဲ့ ပတ်သက်ပြီးတော့ရော။

“မြန်မာစစ်အစိုးရရဲ့ ရပ်တည်ချက်နဲ့ပတ်သက်လို့ မစ္စတာဂမ်ဘာရီက မြန်မာစစ်အစိုးရ ဘာပြောတယ်ဆိုတာထက် ဘာလုပ်တယ်ဆိုတာကို သူ့အနေနဲ့ ပိုပြီး စိတ်ဝင်စားတယ်လို့ ပြန်ဖြေသွားပါတယ်။” ■

---

## ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ပါက စီးပွားရေးအကူအညီများ ပေးမည်၊ ပြုပြင်ပြောင်းလဲရေးကို ငြင်းပယ်ပါက စီပွားရေး

*ဒီဗွီဘီ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

ငြိမ်းချမ်းစွာဆန္ဒပြသူတွေအပေါ် ဆက်ပြီးဖမ်းဆီးနှိပ်စက်မှုတွေလုပ်နေတဲ့ နအဖ စစ်အစိုးရကို ဒဏ်ခတ်အရေးယူရလိမ့်မယ်လို့ အီးယူ ဥရောပသမဂ္ဂက ပြောဆိုလိုက်ကြောင်း လူဇင်းဘတ်ကလာတဲ့ သတင်းတွေမှာ ဖော်ပြထားပါတယ်။ ဒါပေမဲ့ စစ်အစိုးရဖက်ကသာ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုလုပ်မယ်ဆိုရင်တော့ ဒီအရေးယူမှုတွေကိုရုပ်သိမ်းပြီး လူသားချင်းစာနာတဲ့ အကူအညီအပြင် စီးပွားရေးအကူညီတောင်ပေးမယ်ဆိုပြီး ဗြိတိန်အစိုးရက အဆိုတင်သွင်းဖို့ ပြင်နေတယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေဟာ (၂၇) နိုင်ငံပါတဲ့ အီးယူအဖွဲ့အတွက် တကယ့် စိုးရိမ်ဘွယ်အနေထားဖြစ်နေပါတယ်လို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ် မီလီဘန်းက ပြောပါတယ်။ အီးယူဖက်က လုပ်လာဘွယ်ရှိတဲ့ အရေးယူမှုတွေကတော့ အရင်လုပ်ထားပြီးသား ဥပဒေတွေဖြစ်တဲ့ ရင်းနှီးမြှုပ်နှံမှုအသစ်များ တားဆီးရေး၊ စစ်အစိုးခေါင်းဆောင်ပိုင်းကို ပြည်ဝင်ခွင့် ဗီဇာပိတ်ပင်ရေး၊ သူတို့ရဲ့ငွေကြေးတွေကို ပြန်ထုတ်လို့ မရအောင်တားဆီးထားရေးတို့ကို သက်တမ်းတိုးတာအပြင် သစ်မာ၊ ကျောက်မျက်နဲ့ သတ္တုတွေကိုပါ ပိတ်ပင်ဖို့ ပြင်နေပါတယ်။ အီးယူအနေနဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီရဲ့ ကြိုးပန်းမှုကို အပြည့်အဝထောက်ခံအားပေးနေပါတယ်။ အဲဒီကနေတဆင့် အတိုက်ခံတွေအပေါ် ဖမ်းဆီးနှိပ်ကွပ်တာတွေ ရပ်သွားအောင်လုပ်ရပါလိမ့်မယ်။ စစ်အစိုးရဟာ မစ္စတာဂမ်ဘာရီရဲ့ အစီစဉ်တွေကိုလက်ခံပြီး နိုင်ငံရေးအခြေအနေ တိုးတက်လာအောင် ဆောင်ရွက်ရပါလိမ့်မယ်။ တကယ်လို့ အဲလိုမျိုး စစ်အစိုးရက လုပ်မယ်ဆိုရင် ကျနော်တို့ဖက်က စီးပွားရေးကူညီမှုပေးဖို့ စဉ်းစားနေပါတယ်၊ ဒါကို ငြင်းပယ်မယ်ဆိုရင်တော့ စီးပွားရေးဒဏ်ခတ်မှုနဲ့ ရင်ဆိုင်ရပါလိမ့်မယ်လို့ ဗြိတိန်နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။

အီးယူဖက်ကနေ နိုင်ငံရေးအရ တောင်းဆိုဘွယ်ရှိတဲ့ အချက်တွေကတော့ ဆန္ဒပြသူတွေအပေါ် အကြမ်းဖက်နှိပ်နင်းနေတာကို ချက်ခြင်းရပ်တန့်ပါ၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံအားလုံးကို အမြန်ဆုံးပြန် လွှတ်ပေးပါတို့ ပါဝင်ပါတယ်။ ဒီအစည်းဝေးကို အခုကျင်းပနေပြီး ဘယ်လိုဆုံးဖြတ်ချက်အသေးစိတ် ထွက်လာမလဲဆိုတာကိုတော့ မသိနိုင်သေးပါဘူး၊ ဗြိတိန်ဝန်ကြီးချုပ် ဂေါ်ဒန်ဘရောင်းကတော့ တီဗီဖန်သားပြင်ပေါ်မှာ မြင်ခဲ့ရတဲ့ မြန်မာနိုင်ငံက ဆန္ဒပြသံဃာတော်တွေအပေါ် စစ်တပ်ကနှိမ်နင်းနေပုံတွေဟာ ဘယ်လိုမှမေ့လို့ မရအောင်ဖြစ်နေပါတယ်။ မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် ကျနော်တို့ မေ့မထားပါဘူး။ တမ္ဘာလုံးက ဝိုင်းဝန်းကြိုးပမ်း ကြရပါလိမ့်မ်လို့ပြောဆိုခဲ့ကြောင်း လူဇင်းဘတ်ကလာတဲ့ သတင်းတွေမှာဖော်ပြထားပါတယ်။ ■

## စည်ပင်သာယာ နေ့စားဝန်ထမ်းများကို လုပ်အားခ တိုးပေးနေ

*ဒီဗွီဘီ၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ နေ့စားဝန်ထမ်းတွေကို လုပ်အားခ နှစ်ဆကျော်တိုးမြှင့် ပေးလိုက်ပါတယ်။ မြို့တွင်းအမှိုက်သိမ်းရတဲ့ နေ့စားဝန်ထမ်းတွေရဲ့ တရက်လုပ်အားခကို ကျပ် (၇၀၀) ပေးနေခဲ့ရာက ပြီးခဲ့တဲ့ရက်သတ္တပတ်က စတင်ပြီး (၁၅၀၀) အထိ တိုးမြှင့်ပေးလိုက်တယ်လို့ စည်ပင်ဝန်ထမ်းများက ပြောပါတယ်။ လူနေမှုစရိတ်မြင့်တာကို ကာမိအောင်ရည်ရွယ်ပြီး တိုးမြှင့်ပေးလိုက်တာလို့ စည်ပင်အရာရှိတွေကပြောကြောင်း စည်ပင်ဝန်ထမ်းတဦးက ပြောပါတယ်။

"အမှိုက်သိမ်းတဲ့လူတွေက ဟိုးအရင်က တရက် (၅၀၀) ရတယ်။ မနှစ်ကဝန်ထမ်းတွေ လစာတိုးတုန်းက (၇၀၀) အထိတိုးပေးသေးတယ်။ အခု (၁၅၀၀) အထိ ထပ်တိုးပေးလိုက်တာ။"

နေ့ညမရွေး နေပူမိုးရွာမရှောင် အမှိုက်သိမ်းရတဲ့ ရန်ကုန်စည်ပင်နေ့စားဝန်ထမ်းတွေဟာ အရင်တုန်းကလည်း တရက်လုပ်ခ ကျပ်(၇၀၀) နဲ့ မလောက်ကြပါဘူး။ အခုအချိန်မှာ ကုန်ဈေးနှုန်းက နှစ်ဆကျော်တက်သွားတာကြောင့် တိုးလာတဲ့လုပ်ခနဲ့လည်း မလောက်သေးပါဘူးလို့ စည်ပင်ဝန်ထမ်းက ပြောပါတယ်။ နေ့စားအမှိုက်သိမ်းဝန်ထမ်းတွေဟာ အမှိုက်ထဲမှာ ပါလာတတ်တဲ့ သံတိုသံစ၊ ရေသန့်ဘူး စတာတွေ ကောက်သိမ်းပြီး ပြန်ရောင်းတဲ့နည်းနဲ့ အပိုဝင်ငွေရှာကြတယ်လို့ မြေနီကုန်းလမ်းဆုံမှာ နေထိုင်သူတဦး က ပြောပါတယ်။

"မြေနီကုန်းလမ်းဆုံမှာ ညတိုင်းတွေ့ရတတ်ပါတယ်။ အမှိုက်ကားဆိုက်လာလို့ အိမ်တွေကသိမ်းလာတဲ့အမှိုက်တွေထဲကရော၊ လာပစ်တဲ့အမှိုက်တွေထဲကရော အရက်ပုလင်း၊ ကော်ခွက်၊ ပန်ကာစုတ်လိုဟာမျိုးတွေကို သပ်သပ်ခွဲပြီးထုပ်နေတာကို။ အမှိုက်ထဲကရွေးပေ့ါဗျာ။"

စားသောက်ဆိုင်၊ ဈေးဆိုင် စတဲ့ တချို့နေရာများမှာ အမှိုက်သိမ်းခအဖြစ် ကျပ်တရာ၊ နှစ်ရာခန့် ရတတ်တာတွေကို နေ့စားဝန်ထမ်းများက ခွဲဝေယူကြတယ်လို့ ဆိုပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှာ နေ့စားဝန်ထမ်း (၁၀၀၀) ခန့်ရှိတယ်လို့ အဲဒီဝန်ထမ်းကပြောပါတယ်။ ■

---

## ကျောင်းသားများ သွေးချင်းဆက်၍ လှုပ်ရှားသွားမည်ဟု (၈၈)မျိုးဆက် ကျောင်းသားများ ပြောကြား

*ခေတ်ပြိုင်၊ ၁၅ အောက်တိုဘာလ၊၂၀၀၇*

၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် အတော်များများ အဖမ်းဆီးခံခဲ့ရသော်လည်း ကျောင်းသားလှုပ်ရှားမှုသည် ရပ်တန့်သွားမည် မဟုတ်ဘဲ ပြည်သူများနှင့်အတူ အမှန်တရားဘက်မှ ဆက်လက် ရပ်တည်သွားမည်ဟု ၈၈ မျိုးဆက်ကျောင်းသားတဦးဖြစ်သူ ကိုစိုးထွန်းကပြောကြားသည်။

၎င်းက "အခုလောလောဆယ်တော့ ကျနော်တို့က လုံခြုံရေးအရ ခေတ္တခဏငြိမ်သက်ပြီးတော့ လှုပ်ရှားမှုတွေကို ခဏငြိမ်သက်လိုက်တာပါ၊ လူထုထဲမှာအချိတ်အဆက်ရှိရှိနဲ့ ရှိနေပါတယ်။ ကျောင်းသားတွေရဲ့ လှုပ်ရှားမှုအရှိန်အဟုန်ဟာ ရပ်တန့်သွားမှာမဟုတ်ပါဘူး။ အခုဆိုရင်ကျနော်တို့ရဲ့ ငြိမ်းချမ်းစွာဆန္ဒပြလှုပ်ရှားမှုကြောင့် ကျနော်တို့ရဲ့မျိုးဆက်သစ်တွေ သွေးသစ်တွေအကုန်လုံးဟာ သွေးချင်းဆက်မိကြပါပြီ" ဟုပြောသည်။

နအဖအာဏာပိုင်များက ငြိမ်းချမ်းစွာဆန္ဒပြခဲ့သူများကို လိုက်လံဖမ်းဆီးနေခဲ့ရာမှ ယခုလ (၁၃) ရက်တွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုဌေးကြွယ်အပါအဝင် ကျောင်းသား(၄)ဦးကို ဖမ်းဆီးခဲ့သည်။ (၁၃) ရက်နံနက်ပိုင်းတွင် ၎င်းတို့တိမ်းရှောင်ပုန်းအောင်းနေသည့် နေအိမ်ကိုစစ်အစိုးရအာဏာပိုင်များက ဝင်ရောက်စီးနင်းခဲ့ပြီးနောက် ကိုဌေးကြွယ်နှင့်အတူ ၈၈ မျိုးဆက်ကျောင်းသားများဖြစ်သည့် ကိုအောင်သူ၊ မမီးမီးခေါ် မသင်းသင်းအေးနှင့် အခြားကျောင်းသားတဦးဖြစ်သည့် ဇော်ထက်ကိုကိုတို့ကို ဖမ်းဆီးသွားခြင်းဖြစ်သည်။ နအဖစစ်အစိုးရက ပြီးခဲ့သည့်ဩဂုတ်(၁၅)တွင် လောင်စာဆီဈေးနှုန်း တိုးမြှင့်လိုက်သောကြောင့် လူထုလမ်းလျှောက် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရာတွင် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

ကိုမင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုမင်းဇေယျ စသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များကို ဩဂုတ်လအတွင်း စတင်ဖမ်းဆီးခဲ့ပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသော ကိုဌေးကြွယ်ကို အာဏာပိုင်များက ပိုက်စိတ်တိုက်ရှာဖွေ နေရာမှ ဖမ်းမိသွားခြင်းဖြစ်သည်။

ကိုဌေးကြွယ်သည် တိမ်းရှောင်ပုန်းအောင်းနေရင်းမှ စစ်အာဏာရှင်များကို သံဃာတော်များ၊ ကျောင်းသားများ နှင့်အတူပူးပေါင်းတွန်းလှန်ရာတွင် ပါဝင်ရန်ပြည်သူလူထုကို တိုက်တွန်းခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် သတင်းပတ်အတွင်းကလည်း ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်တဦးဖြစ်သူ ကိုလှမျိုးနောင်နှင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်(ဗကသ) ဗဟိုစည်းရုံးရေးကော်မတီဝင် ကျော်ကိုကိုအပါအဝင် ကျောင်းသား (၃) ဦးတို့ကို စစ်အာဏာပိုင်များက ဖမ်းဆီးခဲ့သည်။ ထိုသို့ကျောင်းသားများကို ဖမ်းဆီးနေသော်လည်း ကျောင်းသားမျိုးဆက်သစ်များအနေဖြင့် တိုင်းပြည်အတွက် သမိုင်းပေး ပခုံးပြောင်းတာဝန်ကို ဆက်လက်ယူဆောင်သွားမည်ဖြစ်ကြောင်း ကိုစိုးထွန်းက ပြောသည်။

၎င်းက "အခုကျောင်းသားတော်တော်များများဟာ အဖမ်းဆီးခံနေရတယ်။ ထောင်တွေထဲမှာ ထိန်းသိမ်းရေးစခန်းတွေထဲမှာရှိကြတယ်။ ဒါပေမယ့် ထောင်တွေကို အောင်မြေအဖြစ်မှတ်ပြီး သူတို့တွေရဲဝံ့စွာနဲ့ လှုပ်ရှားမှုတွေကို လုပ်နေကြတယ်။ ကျနော်တို့ကျောင်းသားမျိုးဆက်တွေကို ဘယ်တော့မှနှိပ်ကွပ်လို့မရဘူး" ဟု ပြောသည်။

အလားတူပြည်သူများကလည်း ပစ်ခတ်နေသည့်ကြားမှ ရဲဝံ့စွာဖြင့် ၎င်းတို့၏ဆန္ဒကိုဖော်ထုတ်ပြသကြကြောင်း ကိုစိုးထွန်းကပြောသည်။

"ဒီလိုဘဲ ကျနော်တို့ပြည်သူတွေမှာလည်း အဓမ္မနဲ့ဓမ္မကို ခွဲခြားပြီးတော့ပြတ်ပြတ်သားသားသိတဲ့စိတ်တွေ ဓမ္မဘက်က ရပ်တည်ချင်တဲ့စိတ်တွေရှိနေကြပြီ၊ သူတို့တွေအဖမ်းခံရပေမယ့်လည်း ဆက်လက်လှုပ်ရှားနေကြမယ်လို့ ကျနော်တို့ယုံကြည်တယ်" ဟု ၎င်းကပြောသည်။

ထို့ကြောင့် ရဟန်းရှင်လူကျောင်းသားပြည်သူများ၊ အလုပ်သမား၊ လယ်သမားအားလုံး စုစည်းညီညွတ်စွာဖြင့် ဆက်လက်ချီတက်သွားမည်ဆိုပါက မတရားမှုကို တော်လှန်နိုင်မည်မှာသေချာကြောင်း ၈၈ မျိုးဆက်ကျောင်းသားတဦးဖြစ်သူ ကိုစိုးထွန်းကပြောသည်။ ■

---